# Repossess Confirmation Statement & Reselling Price

| | | | |
|---|---|---|---|
| Customer Name | U SAI KHAN LAR | Repossessed Date | 3-Jul-24 |
| Contract No | HS - 164/2021 | Repossessed Form No. | ATT-REP-FRM-24-01-020 |
| Invoice Date | 23-Feb-21 | Working Hours (Usages Hrs) | 1858.7 HRS |
| Invoice No | ATT-GIA-21020138 | Machine Location | TCL BR |
| Model / Serial No. | D14P154WT10187 / MTD-28-10 | Collector Name | U AUNG SOE LIN |
| BU/BR Contact Person | AUNG PYAE PHYO | Contract Currency | USD |

## Costing For Repossessed Machine

| | |
|---|---|
| Contract Amount | 52,900 |
| Fine Amount | 32,798 |
| AR Balance for S'part / Service / Rental (If any) | |
| Repossessed Cost | 689 |
| Reparing Cost (estd.) | 2,296 |
| (-) AR Receipt From Customer | 31,740 |
| (-)Fine Discount | - |
| (-) Interest - Early Dues | |
| **Total Cost of Repossessed Machine** | **56,943** |
| Reselling Price (estd.) | 14,925 |
| **Loss** | (42,018) |

## Adjustment with Customer

| | |
|---|---|
| Contract Amount | 52,900 |
| Fine Amount | 32,798 |
| AR Balance for S'part / Service / Rental (If any) | |
| Other Charges (if any) | |
| (-) AR Receipt From Customer | 31,740 |
| (-) Fine Discount | |
| (-) Interest - Early Dues | |
| **Receivable From Customer** | **53,958** |
| (-) Reselling Price (estd.) | 13,613 |
| **Net Receivable from Customer after Repossess** | **(40,345)** |

☐ Please collect and give back collateral.

☐ No need to collect and give back collateral.

| | |
|---|---|
| Credit Term | 1 Years (4 Months 1 Time) DP |
| Last RV Date | 18-Jun-21 |
| Overdue Date | 23-Oct-21 |
| Last Due Date | 23-Feb-22 |
| Contract Amt | 52,900 |
| AR Receipt From Custome | 31,740 |
| Balance | 21,160 |

Collateral - Matador Generator MC 275 contract မီးစက် အရောင်းအဝယ်စာချုပ်

| Model | Brand | SR No | Machine Value at Repossess Date |
|---|---|---|---|
| Farm Tractor 115HP | Deutz Fahr | D14P154WT 10187 | 17986.00 |
| CMT POLY DISC HARROW 8 DIC | CMT | MTD-28-10G1/784/12-20 | 1058.00 |
| ROTAVATOR/TORATY TILLER(L T | Fieldking | 10078593 | 1058.00 |
| Front Dozer Blade for 115HP | Mclaren | FB115HP02 (0917-CT02) | 1058.00 |
| | **Total** | | **21,160.00** |

| Prepared by: | Checked by: | Approved by: | Confirmed by: | Approved by: |
|---|---|---|---|---|
| [signature] | [signature] | [signature] | [signature] 2/12/24 | [signature] 03/12/2024 |
| F&A | F&A DH | GM | Corp AR / CFO | COO/VCM |
| Pyae Sone Thu | Zin Mar | Maung Maung | Mar Lar Swe | Aye Min Tun |

Repossess Machine 3 JUL 2024

myanmar

| Summary | USD |
|---|---|
| Contracted Amt | 52,900 |
| Interest Amt | - |
| Fine to Date | 32,798 |
| Total AR | 85,698 |
| Payment to Date | 31,740 |
| Total Payable | 53,958 |
| Overdue | 21,160 |
| Future Due | |
| Fine to Date | 32,798 |

PD

Customer SAI KHAN LAR,U
Contact Person AUNG PYAE PHYO
Salesman AUNG PYAE PHYO
CCO No UCCO-TCL-2021-02-0001
Fine Rate 5%
Ph No 09-69976634
Address PARHAST YAT,3/167, TARCHILEIK TOWNSHIP
Contract No HS - 164/2021

**( FARM TRACTOR D115 G DT E2 (2017)/POLY DISC HARROW 8 DISC (26INCH)/ROTAVATOR/ ROTARY TILLER (L TYPE) (MULTI-SPEED) 60BLADE/FRONT DOZER BLADE FOR AGROLUX 115E) SR NO ' D14P154WT10187 /' MTD-28-10G1/784/12-20 /'10078593/' FB115HP02 (0917-CT02)**

| Date | Particular | Installment Plan | Due | Paid | Bal: |
|---|---|---|---|---|---|
| | | | 52,900 | | 52,900 |
| 23-Feb-21 | 1 unit sales amount ( 52900 USD ) | 21,160 | | | 52,900 |
| 23-Feb-21 | Downpayment Received From Customer . | | | 21,160 | 31,740 |
| 23-Feb-21 | TCL-RV-2021-02-0021 @1438 = 30,428,000 KS (8.2.2021 ) | | | | 31,740 |
| | | | | | 31,740 |
| | | 10,580 | | | 31,740 |
| 23-Jun-21 | 4 Months After Delivery From Customer | | | 10,580 | 21,160 |
| 18-Jun-21 | TCL-RV-2021-06-0039 @ 1610 = 17,033,800 KS (18.6.2021) | 10,580 | | | 21,160 |
| 23-Oct-21 | 8 Months After Delivery From Customer | | | | 38,617 |
| | FINE (24-OCT-2021 TO 23-JUL-2024) 33MONTHS | | 17,457 | | 38,617 |
| | | 10,580 | | | |
| 23-Feb-22 | 12 Months After Delivery From Customer | | | | 53,958 |
| | FINE (24-FEB-2022 TO 23-JUL-2024) 29 MONTHS | | 15,341 | | 53,958 |
| | Repossess Machine 3 JUL 2024 | | | | 53,958 |
| | | | | | 53,958 |
| | | | | | 53,958 |
| | | 52,900 | 32,798 | 31,740 | 53,958 |

Prepared By
Pyae Sone Thu

Checked By
Zin Mar,Daw

Actknowledge By
MAUNG MAUNG,U

Confirmed By
SAI KHAN LAR,U

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေလေးရာကျပ်
၄၀၀ကျပ် K 400



# "Tractor & Implement များအငှားရောင်း-နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Deutz Fahr Agrolux 115E , CMT 8 Poly Disc Harrow 26'' , Mclaren FBW-115 , Field King Roatar 250 C Type –Total (4)Units**

**(CCO No. UCCO/STW/2021/01/006)**

**(Sr No. 10187 / MTD28-10G1/784/12-20 / / 010078593)**

**စာချုပ်အမှတ်အိပ်ချိအက်စ် – ၁၆၄ / ၂၀၂၂**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်နေ့တွင် တာချီလိတ်မြို့၌အောက်အမည်ပါသူတို့က Brand New Deutz Fahr Agrolux 115E , CMT 8 Poly Disc Harrow 26'' , Mclaren FBW-115 , Field King Roatar 250 C Type – Total (4) Units - Tractor & Implement များ အရောင်းအဝယ် သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

Tractor & Implement များအငှားရောင်းချသူ။ ။ ဦးထက်မြတ်အောင် (ဘ) ဦးယဉ်ထွေး
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/ဥကမ(နိုင်)၂၄၅၅၅၄
(for and on the behalf of Win Motor Co., Ltd.)
အမှတ်(၁၆၁)၊ မိုလ်ချုပ်လမ်း၊ ဆေးခမ်းရပ်၊ တာချီလိတ်မြို့။

Tractor & Implement များ အငှားဝယ်ယူသူ ။ ။ ဦးစိုင်းခမ်းလာ (ဘ) ဦးစိုင်းဆော့
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၃/တခလ(နိုင်)၀၆၈၂၂၀
လိပ်စာ– အမှတ်(၁/၃၇၂)၊ ပါစပ်ရပ်ကွက်၊ တာချီလိတ်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ် — ၀၉-၆၉၉၇၆၆၆၆၆။

(Tractor & Implement များအငှားရောင်းချသူနှင့် Tractor & Implement များ အငှားဝယ်ယူသူ ဟူသောစကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အငှားရောင်းချသူသည်ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New Deutz Fahr Agrolux 115E , CMT 8 Poly Disc Harrow 26'' , Mclaren FBW-115 , Field King Roatar 250 C Type – Total (4) Units - Tractor & Implement ကို ချမ်းမြေ့--- နေရာတွင် အသုံးပြုရန်အတွက် အငှားဝယ်ယူသူနှင့် ယနေ့တွင် ဤသဘောတူ စာချုပ်ချုပ်ဆို၍ အငှားဝယ်ယူသူမှ အောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ 'Tractor'ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလ Tractor နှင့် Tractor အပိုပစ္စည်းများ၊ Tractor ရောင်းချသူမှလဲလှယ်တပ်ဆင်ပေးသည့် Tractor အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် Tractor ဝယ်ယူသူမှ မိမိသဘောအလျောက် Tractor ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် Tractor နှင့် Tractor အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ Tractor ရောင်းချသူက မိမိရောင်းချသော Brand New Deutz Fahr Agrolux 115E သည် အသစ်ဖြစ်ကြောင်းနှင့် ယင်း Tractor ၏ (Engin & Gear Box) အား (၁)နှစ်(သို့မဟုတ်) နာရီပေါင်း(၁,၀၀၀) နေ့ရောက် အသုံးပြုပြီး သည်အထိအာမခံပါသည်။ နေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၁,၀၀၀)ပြည့်သည့်ကာလ (နှစ်)ခုအနက်စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ အငှားရောင်းချခဲ့သော Tractor & Implement များကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံ ရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ Tractor & Implement များကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံ ရရှိသည့်အခါမှသာ Tractor & Implement များကို ရရှိနိုင်မည်ဖြစ်ကြောင်း အငှားဝယ်ယူသူမှ သဘောတူပါသည်။

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
K 250
ငွေနှစ်ရာငါးဆယ်ကျပ်
၂၅၀ကျပ်

စာမျက်နှာ(၂)သို့



အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်း Tractor &
၅။ အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အငှားဝယ်ယူသူ၏လက်ဝယ်သို့ ရောက်ရှိသည်ဟု
Implement များ၏ ပိုင်ဆိုင်မှု (Title of Ownership) သည် ပေးချေရန်ပျက်ကွက်၍ စာချုပ်ပျက်ပြယ်ပါက
သဘောပေါက်နားလည်ပါသည်။ အကယ်၍သတ်မှတ်အရစ်ကျငွေများကို ငှားရမ်းခဟုသတ်မှတ်ခြင်းကို သဘောတူညီလျက်
ပေးပြီးသောတင်သွင်းငွေနှင့် အရစ်ကျငွေများသည် အချိန်အခါမရွေး ပြန်လည် သိမ်းယူခြင်းခံရမည်ကို
အငှားဝယ်ယူထားသော Tractor & Implement များကို
သဘောတူလက်ခံပါသည်။

၆။ <u>အငှားရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားရောင်းချသူက မိမိရောင်းချသော Tractor & Implement များအား သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ
စိတ်အေးချမ်းသာစွာ အသုံးချနိုင်အောင် လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့် သတ်မှတ်ရက်တွင်
လက်ရောက်ပေးအပ်ရပါမည်။

(ခ) အငှားဝယ်ယူသူက နောက်ဆက်တွဲ ဒကဒပါ စည်းကမ်းများကိုဖောက်ဖျက်၍ အရစ်ကျပေးရန်ပျက်ကွက်ခြင်း
ရှိခဲ့လျှင် အရစ်ကျပေးရန် <u>ပျက်ကွက်သည်နှင့်တစ်ပြိုင်နက်</u> အငှားရောင်းချသူက အငှားရောင်းချစာချုပ်ကို
ဖျက်သိမ်းစေခြင်းနှင့် အငှားရောင်းချသည့် Tractor & Implement များအား ပြန်လည်သိမ်းယူမည်ဖြစ်ပါသည်။

(ဂ) အငှားရောင်းချသူမှ ရောင်းချသည့် Tractor & Implement များသည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်
အရှုပ်အရှင်းကြွေးမြီမှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၇။ <u>အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားဝယ်ယူသူသည် မိမိဝယ်ယူသည့် Tractor & Implement များကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်
အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး
လက်ခံရမည်။

(ခ) အငှားဝယ်ယူသည့် Tractor & Implement များကို ငွေအပြေအကြေမပေးချေမီကာလအတွင်း ဤစာချုပ်တွင်
အဆိုပြုထားသည့်နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက အငှားရောင်းချသူ၏
ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိသည်။

(ဂ) အငှားဝယ်ယူသည့် Tractor & Implement များကို ဥပဒေနှင့်မညီသည့် မည်သည့်ကိစ္စတွင်မှ အသုံးမပြုရ။
ယင်းသို့ အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက အငှားဝယ်ယူသူမှ
Tractor& Implement များတန်ဘိုးနှင့် ကိုက်ညီသည့်တန်ဘိုးကိုပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဃ) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက်စရံငွေကို ပြန်လည်
တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန်
တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(င) အငှားဝယ်ယူသူသည် အရစ်ကျပေးချေရမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း
အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီသို့ တစ်လလျှင်နစ်နာကြေးအဖြစ် ၅% (မြန်မာကျပ်ငွေ
ပေါက်ဈေးအရ) တွက်ချက်၍ ပေးရမည်ဖြစ်ပါသည်။ အကယ်၍ Tractor & Implement အငှားဝယ်ယူသူသည်
သတ်မှတ်ထားသော အရစ်ကျပေးချေရမည့်ကျန်ငွေများအပေါ် စတင်ပျက်ကွက်၍ (၁)လတိတိကြာမြင့်ပါက
ဝယ်ယူထားသောစက်၏သော့ကိုဖြုတ်သိမ်းခြင်းနှင့် ရက်ပေါင်း(၆၀)ပြည့်မြောက်ကျော်လွန်ပြီး ငွေပေးချေခြင်းမရှိ
ထပ်မံပျက်ကွက်ခဲ့ပါက အငှားရောင်းစက်အား ကုမ္ပဏီမှသိမ်းယူခြင်းတို့ကို အငှားဝယ်ယူသူမှ သိရှိသဘောတူပါသည်။

(စ) အငှားဝယ် Tractor & Implement များအား သတ်မှတ်ထားသောစာချုပ်ကာလအတွင်း ငွေများ
အပြေအကြေပေးချေခြင်းမရှိသေးပါက အငှားဝယ်ယူသူသည် ဖော်ပြပါ Tractor & Tractor Implement များကို
မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊
ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်း
စသည့်မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း သိရှိသဘောတူပါသည်။

စာမျက်နှာ(၃)သို့

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် K 250



၈။ ဤစာချုပ်ကို တစ်ဖက်သပ်ရုပ်သိမ်းခြင်းခံရပါက အငှားရောင်းချသူပိုင် Tractor & Implement များကို တစ်ဖက်သပ်ပြန်လည်သိမ်းယူခြင်းခံရမည့်အပြင် အငှားရောင်းချသူ၏ ဆုံးရှုံးနစ်နာမှုအတွက် ဆုံးရှုံးနစ်နာသည့် တန်ဖိုးနှင့် နစ်နာကြေးကိုတရားစရိတ်နှင့်တကွ အငှားဝယ်ယူသူမှပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

၉။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Win Motor Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် Tractor & Implement များ အငှားဝယ်ယူသူတို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရန် သဘောတူညီပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့်အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက်မိမိတို့၏ လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

**Tractor & Implement များ**
**အငှားရောင်းချသူ**

ဦးထက်မြတ်အောင် (၁၂/ဥကမ(နိုင်)၂၄၅၅၅၄)
(for and on the behalf of Win Motor Co., Ltd.)

**Tractor & Implement များ**
**အငှားဝယ်ယူသူ**

ဦးစိုင်းခမ်းလာ (၁၃/တခလ(နိုင်)၀၆၈၂၂၀)

**အသိသက်သေများ**

လက်မှတ် -
အမည် - အောင်ပြည့်ဖြိုး
နိုင်ငံသားအမှတ် - ၉/မခန(နိုင်)၂၅၆၀၅၉
နေရပ် - အမှတ်(၁၆၁)၊ ဗိုလ်ချုပ်လမ်း၊
- ဆေးခမ်းရပ်၊ တာချီလိတ်မြို့။

လက်မှတ် -
အမည် - မေမြို့အောင်
နိုင်ငံသားအမှတ် - ၅/အတန(နိုင်)၀၇၉၆၄၀
နေရပ် - အမှတ်(၁၆၁)၊ ဗိုလ်ချုပ်လမ်း၊ ဆေးခမ်းရပ်၊ တာချီလိတ်မြို့။

လက်မှတ် ----------------------
အမည် ----------------------
နိုင်ငံသားအမှတ် ----------------------
နေရပ် ----------------------
----------------------

စာမျက်နှာ(၄)သို့

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

K 250

နောက်ဆက်တွဲ က ၈

## (၄)

## အငှားရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့် Tractor Implement အမျိုးအမည်- Brand New Deutz Fahr Agrolux 115E , CMT 8 Poly Disc Harrow 26'' , Mclaren FBW-115 , Field King Roatar 250 C Type – Total (4) Units

၂။ သတ်မှတ်အငှားရောင်းဈေး- (4)Units အတွက် စုစုပေါင်းတန်ဖိုးငွေ USD- 52,900/- (USD- Fift Two Thousand and Nine Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Yangon ဖြစ်ပါသည်။

၃။ <u>ငွေပေးချေခြင်းစနစ်</u>

1st Payment – (4)Units အတွက် ပထမအရစ်ကျငွေအဖြစ် USD- 21,160/- (USD- Eight Thousand Five Hundred and Sixty Five Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၈-၀၂-၂၀၂၁) ရက်နေ့တွင် (RV No. TCL-RV-2021-02-0021) ဖြင့် ရောင်းချသူ၏ တာဝန်ရှိလိတ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

2nd Payment – (4)Units အတွက် ဒုတိယအရစ်ကျငွေအဖြစ် USD- 10,580/- (USD- Ten Thousand Five Hundred and Eighty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၆-၀၆-၂၀၂၁) ရက်နေ့တွင် ရောင်းချသူ၏ တာဝန်ရှိလိတ်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

3rd Payment – (4)Units အတွက် တတိယအရစ်ကျငွေအဖြစ် USD- 10,580/- (USD- Ten Thousand Five Hundred and Eighty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၆-၁၀-၂၀၂၁) ရက်နေ့တွင် ရောင်းချသူ၏ တာဝန်ရှိလိတ်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

Final Payment – (4)Units အတွက် ကျန်ငွေ USD- 10,580/- (USD- Ten Thousand Five Hundred and Eighty Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၆-၀၂-၂၀၂၂) ရက်နေ့တွင် ရောင်းချသူ၏ တာဝန်ရှိလိတ်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့်အငှားရောင်းကာလ စုစုပေါင်း(၁၂)လအတွင်း (၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ) နောက်ဆုံးထား၍ ကျန်ငွေများကို မပျက်မကွက်မှန်မှန် အပြီးအပြတ်အပြေအကြေ ပေးချေရန် သဘောတူညီကြပါသည်။

(မှတ်ချက် ။ ။ Tractor ဝယ်ယူသူသည် အရစ်ကျငွေပေးချေရန် ပျက်ကွက်သည်နှင့်တပြိုင်နက် Tractor အား ပြန်လည်သိမ်းယူမည်ဖြစ်ပြီး (၁)လအတွင်း ဒဏ်ကြေးနှင့် အရစ်ကျငွေကို ပေးသွင်းမှသာ Tractor ကို ပြန်လည် ပေးအပ်မည်ဖြစ်ပါသည်။)

၅။ Tractor & Implement များလွှဲပြောင်းချိန် – ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ။

၆။ Tractor & Implement များလွှဲပြောင်းချိန်တွင် Tractor & Implement များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Tractor & Implement များအငှားရောင်းချသူမှ Tractor & Implement များ အငှားဝယ်ယူသူသို့ စက်နှင့်အတူတစ်ပါတည်း လွှဲပြောင်းပေးအပ်ရာ လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

၇။ အရစ်ကျပေးသွင်းရာတွင်သတ်မှတ်သည့်သဘောတူညီချက်များ –

(က) အရစ်ကျငွေကိုသတ်မှတ်ရက်တွင်တိကျစွာပေးချေရန်သဘောတူညီပါသည်။

(ခ) အရစ်ကျငွေပေးရန်ပျက်ကွက်ပါကပေးပြီးအရစ်ကျငွေများသည်ငှားရမ်းခပင်ဖြစ်သည်ကိုနားလည်ပါသည်။

စာမျက်နှာ(၅)သို့

Scanned with CamScanner